
http://www.cherrythitsar.org

အောင်ချိမ့်

မောင်ချောနွယ်

# သမိုင်းဖတ်စာ

ကဗျာရှည် တစ်ပုဒ်စီ



http://www.cherrythitsar.org

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

---

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

---

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

UNITY စာအုပ် အမှတ်စဉ် (၁၄)

အောင်ချိမ့်

မောင်ချောနွယ်

# သမိုင်းဖတ်စာ

ကဗျာရှည်တစ်ပုဒ်စီ

UNITY

အမှတ် (၃၆-ဘီ)၊ ဗဟိုလမ်း (ဇေယျဝတီလမ်း)၊ စမ်းချောင်း
ရန်ကုန်မြို့။ ဖုန်း - ၅၃၇၇၀၅

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၁၀ / ၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၅ / ၂၀၀၂ (၈)

မျက်နှာဖုံး
မုတ်သုန်

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၀၂ ခုနှစ်

အုပ်ရေ - ၁၀၀၀

ကွန်ပျူတာစာစီ
UNITY

စာအုပ်ချုပ်
ကိုမြင့်

ထုတ်ဝေသူ
ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ
၅၃၃ အေ၊ (၈) ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး -

http://www.cherrythitsar.org

# မာတိကာ


၁။ မောင်ချောနွယ် ၉

စစ်အတွင်းက ကွဲသွားတဲ့ သူငယ်ချင်းညီအစ်ကိုတစ်တွေ ပြန်တွေ့တဲ့နေ့

၂။ အောင်ချိမ့် ၃၁

အောင်ချိမ့်ရေးသည်


Unity Publishing House

http://www.cherrythitsar.org

## Unity Publishing House မှ

### ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁။ မောင်ထွန်းသူ | မြိုင်ခေမာ |
| ၂။ ခင်စောတင့် | ကိုယ်မှာပင်နာသော်လည်း စိတ်မှာမနာအောင် |
| ၃။ မောင်ထွန်းသူ | တော်လ်စတွိုင်း၀တ္ထုတိုများ |
| ၄။ မန်းတင် | ဂျူလိယက်ဆီဆာ |
| ၅။ မောင်စူးစမ်း | ခေတ်ပြိုင်စီးပွားရေး ပြဿနာများ |
| ၆။ မင်းကျော် | ကျွန်တော့်ဆရာများ |
| ၇။ မိုးယံဇော်၊ ဝင်းမြင့် | လူစီရဲ့ အမှန်အမှားကင်းစင်တဲ့ လက်ဆောင် ကဗျာများ |
| ၈။ ကြည်ဦး | ကလေးကြေးမုံငှက်မျိုးစုံ |
| ၉။ ခင်စောမူ၊ခင်စောတင့် | လရောင်အောက်မှအမေ့ခေတ်စမ်းစာနှင့် သမီး၏အလွမ်းစာ |
| ၁၀။ မောင်ထွန်းသူ | ရမ္မက်မီး |
| ၁၁။ တက္ကသိုလ်ခင်မောင်ဇော် | ကမ္ဘာကျော်ဂီတစာဆိုကြီးများ သူတို့ဘ၀နှင့် သူတို့ဂီတ |
| ၁၂။ ခင်စောတင့် | လမင်းပမာအေးမြစွာ |
| ၁၃။ တက္ကသိုလ်ထင်ကြီး | ဖြူနီဝါပြာနှင့် အခြားအင်္ဂလိပ်ဝေါဟာရများ |

http://www.cherrythitsar.org

မောင်ချောနွယ်

# စစ်အတွင်းက ကွဲသွားတဲ့
# သူငယ်ချင်း ညီအစ်ကိုတစ်တွေ
# ပြန်တွေ့တဲ့နေ့

Unity Publishing House

http://www.cherrythitsar.org

မောင်ချောနွယ်ဟု ခေါ်သည်
သူ ကျုံးထဲက တက်လာသည်
သူ့မှာ အနုပညာအကျို ပါပါသည်၊

မောင်ချောနွယ်ဟု ခေါ်သည်
သူ သံမဏိလမ်းက လာပါသည်
သူ့မှာ အနုပညာအကျို ပါပါသည်၊

✧

ဤကမ္ဘာမြေ၌ ကျွန်ုပ် ထွန်ယက်သမျှသည်
အသက်ဓာတ်သားဖြစ်ပါ၏။ ကဗျာဖြင့်စပ်ယှက်ခဲ့သော
ကျွန်ုပ်၏ နေ့ပေါင်းများစွာ ညပေါင်းများစွာအား
ကဗျာဖြင့် သူကောင်းပြုပါ၏။

အယူမှန်သူအတွက် အယူခံမလို
ကမ္ဘာကြီးအတွက် ညတိုင်း သီချင်းဆိုခဲ့တယ်။

Unity Publishing House

(၁)

‘ကဲ ခုကစပြီး တစ္ဆေကဖီးကို ဖွင့်မယ်’
ရဲဘော်သူငယ်ချင်းတို့
‘ငါတို့ဟာ စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်း ညီအစ်ကိုတစ်တွေ ဖြစ်ကြရဲ့’
ငါတို့တွေ ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြရဲ့
ရှိစေတော့
သူရဲကောင်းမှတ်တမ်းမဝင်ဘူး
ရှိစေတော့
ငါတို့ဟာ သူရသတ္တိရှိလို့ ကဗျာဆရာဖြစ်ခဲ့ကြတယ်

http://www.cherrythitsar.org



ကဗျာဆရာဆိုတာ
အဂတိမလိုက်စားကြဘူး
ဟော ကြည့်ပါလား
ကဗျာဆရာ အနန္တသူရိယ အမတ်ဟာ
ကဗျာတစ်ပုဒ်နဲ့ ကြိုးစင်တက်ခဲ့တာ
မလှဘူးလား
လွတ်လှ။
သေခြင်းတရားဆိုတာ
စောစောက လပ်ကီး လူစီယာနိုရယ်
ဘီယာဘူးတွေနဲ့ ပစ်ပေါက်လိုက်တော့
ဖန်တွေ မှန်တွေ ကွဲကျသွားကြတယ်မဟုတ်လား
လွတ်လှတယ်။
သေချင်းတရားဆိုတာ
ရဲဘော်တို့ ရဲရဲမှတ်ထားကြ
စားပွဲပေါ်က ဖန်ခွက်တစ်လုံး
သမံတလင်းပေါ် ကျကွဲသလောက်ပဲ ရှိတယ်
လွတ်လှ။
ငါတို့ရဲ့ ကဗျာဆရာ မောင်ချောနွယ် ပြောတာကတော့
သေခြင်းတရားဆိုတာ
လေယာဉ်ပျံတစ်စီးကနေ
လေယာဉ်ပျံတစ်စီး ပြောင်းစီးသလောက်ပါကွာတဲ့
လွတ်လှ။

http://www.cherrythitsar.org



ကဲ. . . နောက်ဘဝမှာ နောက်ဘဝကူးရင်
နောက်ဘဝရောက်ရင်လည်း
ကဗျာဆရာဖြစ်ဦးမှာ သေချာတဲ့
ငါတို့ရဲ့ သစ္စာတိုင် တရားရှိတယ်
ငါတို့ဟာ
လူတစ်သိန်း တစ်သန်းမှာမှ
ကဗျာဆရာတစ်ယောက်ဖြစ်တယ်ဆိုတဲ့
၂၁ ရာစုသစ် သီအိုရီရှိတယ်
ဟုတ်တယ်. . . ဟုတ်. . .
ဟုတ် ၁၀ ကြိမ် အော်ဟစ်ကြရဲ့
ကဲ. . . ခု အခမ်းအနားသစ်တစ်ခု မကျင်းပခင်
ငါတို့ရဲ့ သူရဲကောင်းတွေကို
အရင်ဆုံး အလေးပြုကြရအောင်
ကဲ အားလုံးငြိမ်သက်ပါ
၁၅ မိနစ် ငြိမ်သက်ပေးပါ။

(၂)

(၁၅ မိနစ်ဆိုတာ ငါတို့ရဲ့ နောက် ၁၅ ဘဝကို ဆိုလိုတယ်)
နောက် ၁၅ ဘဝ ကဗျာဆရာပေါ့။
ဟုတ်တယ် နောက် ၁၅ ဘဝ ထိ
ငါတို့ဟာ ကဗျာဆရာပဲဖြစ်ရမယ်
ပထမဦးဆုံး ငါတို့ရဲ့ ကဗျာဆရာ ဖော်ဝေး

သူ့ကိုအလေးပြုကြ
၁၅ မိနစ်ငြိမ်
ဒုတိယ မြေချစ်သူကို
သူ့ကို အလေးပြုကြ
တတိယ စစ်တွေနောင်လတ်
၁၅ မိနစ်ငြိမ်
စတုတ္ထ. . . မောင်စိမ်းခေါင်
ကဲ. . . ရိုးပြတ်တောအောင်ခက် ၁၅ မိနစ်ငြိမ်
ကဲ. . . အားလုံး သက်သာနိုင်ပါပြီ။
ခုချိန်ကစပြီး တစ္ဆေကဖီးကို ဖွင့်လှစ်လိုက်ပါပြီ
ကြိုက်သလိုနေနိုင်ပါတယ်
ကြိုက်သလိုပျော်ပါ။
ရှေးဦးစွာ 'ရော်ဘင်ဟု' က သရဲမျက်နှာဖုံးကို စွပ်လိုက်တယ်
အားလုံးမျက်နှာဖုံးတွေ စွပ်လိုက်ကြရဲ့
အားလုံး တစ္ဆေတွေ၊ သူရဲတွေ၊ ဘီလူးတွေ၊ ဖုတ် ပြိတ္တာတွေ
မှင်စာတွေဖြစ်သွားကြရဲ့။
အဲဒီ ခဏမှာပဲ
ဟောခန်းကြီးတစ်ခန်းလုံး မီးခိုးတွေ လှိုင်အူလာရဲ့
အားလုံး စီးကရက်တွေသောက်ကြ
ဘီယာတွေ၊ ဝိုင်တွေ၊ ဝီစကီတွေ သောက်ကြနဲ့
စကားတွေ တဖြောင်းဖြောင်းထအောင် ပြောကြတော့ရဲ့
အားလုံး မီးတွေ မှိတ်လိုက်ကြ

http://www.cherrythitsar.org



အားလုံး ကကြမယ်
အားလုံး အားလုံး
စိတ်လွတ်လပ် ကိုယ်လွတ်လပ်
ထောင့်မီး မီးလေးတွေလင်းလာ
အစိမ်း အနီ အပြာ အဝါ
ဟော့. . . အသံတစ်သံ ပေါ်လာ
လူ့ဘဝဆိုတာ လေထဲက ဖယောင်းတိုင်မီးလေးပါ
အားလုံး Candle In The Wind ပဲ
ဒါပဲ. . . ဒါပဲ. . . ဒါပဲ
အားလုံး ဖယောင်းတိုင်မီးတွေ ထွန်းညှိကြ
သီချင်းဆိုကြမယ် (သံပြိုင်)။

(၃)

စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတစ်တွေ ပြန်တွေ့တဲ့နေ့
ဟော့. . . စစ်သီချင်းတွေဆိုကြ
ချီတက်ကြမယ်. . . ကမ္ဘာသစ်ဆီ
ဟော. . .
သစ်ကုလားအုပ်ဟီသံတွေ မြင်းဟီသံတွေ
မော်တော်ကားသံတွေ ရဟတ်ယာဉ်သံတွေ. . .
ကဗျာဆရာတွေ လာကြပြီဟော့
အသံတွေ ကြားနေရပြီ

http://www.cherrythitsar.org



ခြသေ့်ဟောက်သံတွေ ကျားဟိန်းသံတွေ ဆင်နှာမှုတ်သံတွေ
ကလဲနက်မှုတ်သံတွေ ဝေဆာလို့
ငါတို့ ကဗျာဆရာတွေ လာကုန်ကြပြီဟေ့
ကြိုဆိုလိုက်ကြရအောင်
ဟော. . . ကြည်ဝင်းတော၊ မိုယံဇော်၊ ငွေယံဦး
မိုးဝေး၊ ကိုရွှေး၊ ဝင်းမြင့်၊ ခက်ထန်ပိုင်စိုး၊ ဇော်ဝင်းတင့်၊ ကမ္ဘာပု
စတီးလ် အစရှိသော
လူငယ်ကဗျာဆရာတွေ တစ်ပြုံတစ်မကြီးဟာ
ဟောခန်းတွင်း ဝင်ရောက်လာကြ
တွေ့ဆုံကြသည်နှင့် တစ်ပြိုင်နက်
ဟေး. . . ဟေး. . . ဟေး. . . အသံတွေ
ဆူညံစွာ တစ်ပြိုင်နက်တည်း ထွက်လာကြရဲ့
အုတ်အော်သောင်းတင်းပါပဲ
ကပြုန်းကရုန်းပါပဲ
ဟော. . . အော်ကြပြန်ပြီ
ဟေ့ မက်ဆိုပိုတေးနီးယားကလာတာ
ဟေ့ ငါလည်း မက်ဆိုကပဲ
ဟိုမှာ မင်းနဲ့ ငါနဲ့ မတွေ့ခဲ့တာတစ်ခုပဲ
ဟေ့ ငါလည်း မက်ဆိုပိုတေးနီးယားစစ်မြေပြင်မှာ
ကျခဲ့တာပဲကွ
အဲဒီမှာ လူဖြစ်ခဲ့တာပဲ
ခုသေပြီး ခု လူဝင်စားပြန်ဖြစ်တာ

http://www.cherrythitsar.org



တန်ပါတယ်
အရာရာဖြစ်ပျက်နေတာ တန်ပါတယ်ကွာ
ဟော့ ငါက ဟိုနိုလူလူက လာတာ
ငါနဲ့အတူတူပေါ့ကွာ
ဟော့ ငါလည်းပါတယ်ကွ
ဟေး. . . ဟေး. . . ဟေး ဟေး
တွေ့ကုန်ကြပြီကွာ။

(၄)

ဟော့ ငါက  အီတလီကလာတာ
အီတလီစပျစ်ခြံကလာတာ
စပျစ်ဝိုင်တွေပါတယ်
ရဲဘော်တွေအားလုံးအတွက်ပဲ
တို့တွေအားလုံးက စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတွေ
တစ်ယောက်နဲ့တစ်ယောက် ပစ်ချလို့မရဘူး
ပြောပြရင်တော့လည်း လွမ်းစရာကြီးကွာ
ဟား. . . ဟား. . .  ဟား ဟား
ကဲ ခုတွေ့ပြီပဲ
ဘာလုပ်ကြမလဲ
ငါသိတာကတော့
လောကကြီးမှာ အရက်ကလွဲပြီး

http://www.cherrythitsar.org



ဘာမှ ပျော်စရာကောင်းတာ မရှိဘူး
ဟေ့ သောက်ပစ်ကြ သောက်ပစ်ကြ
ဟေ့ကောင်တွေ ငါက ဟော်လန်က လာတာ
ငါ့မှာ နို့ဆီတွေပါတယ် သောက်ကြ
ငါတို့တွေ နိုင်ငတ်ခဲ့ကြတယ် မဟုတ်လား
ဖောက်သာ သောက်ကြ
ရောက်ချင်ရာ ရောက်ကြပစေ
တို့တွေ နေပူခဲ့တယ်
ဒါကြောင့်ပဲ တို့တွေနေမပူဘူးပေါ့
ဟေ့ ငါက ဒါဂျီလင်က လာတာ
ဟေ့ ငါက ပန်ဂျပ်က လာတာ။

(၅)

ဘာလဲ ဘဝဆိုတာ ဘာလဲ
စူးစမ်းနေစရာမလိုဘူး
ငါဟာ စပျစ်ခြံအလုပ်သမားလေး
ဒါ ဝမ်းနည်းစရာလား
ငါ. . . ချစ်သူနဲ့တွေ့ချင်တဲ့အခါ
ငါတွေ့ရတယ်
ငါပျော်ချင်ရင် ပျော်ရတယ်
ငါက နေပျော် သေပျော်သမားပဲ
စစ်အတွင်းက သူငယ်ချင်းတွေ

http://www.cherrythitsar.org



ပေါင်မုန့်ကလေး တစ်ယောက်တစ်ဝက်
ရေဘူးလေး တစ်ယောက်တစ်ဝက်
ဆေးလိပ်ကလေး တစ်ယောက်တစ်ဝက်
သေမင်းကျည်ဆံတွေ တဖျောက်ဖျောက်အောက်မှာ
တို့တွေ လျှောက်ခဲ့တာ
ဘာဖြစ်လာလဲ
ဘာမှမထူးဆန်းဘူး
နေကြ သေကြပါပဲကွာ
တို့တွေ. . . ပြန်မဆုံဖြစ်ကြဘူးထင်တာ
ခု ပြန်ဆုံကြတယ်
ဒါကောင်းတယ်
ဒါ အကောင်းဆုံးဆုလာဘ်ပဲ
ဒါကောင်းတယ်
အေး. . . ကောင်းတယ်
ဒါပေမဲ့ ငါ့တို့လည်း ပြောပါရစေဦး
ငါက ကွင်းစလန်မှာ နွားခြံပိုင်ရှင်
ငါ ဩစတြေးလျ ကမ်းခြေတစ်နေရာမှာ ကျခဲ့တာ
အဲဒီမှာ လူသွားဖြစ်
နွားတွေမွေး
နို့စားနွားတွေပေ့ါ
ငါ့မှာ
နွားနို့တွေ ပါတယ်

http://www.cherrythitsar.org



အားလုံးသောက်ပစ်ကြ
ဒါဟာ နတ်ဆိုးရဲ့ ဝိုင်ပဲ
နွားနို့ဟာ နတ်ဆိုးရဲ့ဝိုင်ပဲ
နတ်ဆိုးရဲ့ ဝိုင်တွေကို ငါတို့ပဲ သောက်ကြရဲ့။

(၆)

သောက်နိုင်ကြတာ
ကဗျာဆရာဆိုတာ
နတ်ဆိုးဝိုင်တွေ သောက်တဲ့သူတွေ
အထက်တန်းစားတွေ
ဒုက္ခနဲ့ ဒဏ်ရာတွေဟာ
ငါတို့ရဲ့ ရှုမျှော်ခင်းတွေပဲကွ
ငါတို့တွေ အလှကြည့်နေကျတွေပဲ
ဟုတ်တယ် မဟုတ်လား
ဟုတ်တယ်. . . ဟုတ်တယ်
ဟုတ်တယ်. . . ဟုတ်တယ်
ဟုတ်တယ်. . . ဟုတ်တယ်
အားလုံး ဝိုင်းအော်ကြ
အားလုံးပျော်သွားကြပြီ
ဘာနဲ့တူသလဲဆိုတော့
ဥပမာကလည်း ခပ်ရှားရှားပါပဲ
ဂရင်း ဖာလူဒါဆိုင်က ရေခဲတုံးကြီးလို

http://www.cherrythitsar.org



ပျော်လို့ ပြုလို့
အော်လို့ ဟစ်လို့
ခန်းလုံးပြည့် အော်သံတွေ
ပျော်စရာကြီး
(စစ်အတွင်းကကွဲသွားတဲ့ သူငယ်ချင်းညီအစ်ကိုတွေ
ချစ်ခြင်းနဲ့ အမြဲပဲ ညီညာကြစေ)
တေးသံဖောက်ပြီး ထွက်လာ
ဝိုင်ဖောက်သလို တေးသံဖောက်ပြီး ထွက်လာ
အားလုံး သီဆိုကြ
ဘာနဲ့တူသလဲဆိုတော့
တီကောင်တွေ အထွေးလိုက်ကြီး ရှုပ်ထွေးသလိုမျိုး
ရှုပ်ထွေးပျော်ရွှင်ကြ
တေးသံ ခဏရပ်အသွား
ဟော့. . . ငါတို့က နော်မန်ဒီမှာ ကျခဲ့တာကွ
မင်းတို့နဲ့ကွဲကွာပြီး နော်မန်ဒီမှာ
ငါတို့ သွေးအလူးလူးနဲ့ ကျကျန်ရစ်ခဲ့တာ။

(၇)

ဝမ်းမနည်းဘူး
မျက်ရည်မကျဘူး
ဘယ်အရာမှ အလကားမရဘူး
ဒဏ်ရာတွေလည်း အလကားမရဘူး

http://www.cherrythitsar.org



ဒုက္ခတွေလည်း အလကားမရဘူး
ဘယ်အရာမှ အလကားမရဘူး
ဘယ်အရာမှ အလကားမရဘူး
ဒါ ငါ့ သီအိုရီပဲ
မသစ်လား. . .
သစ်ရုံတင်မဟုတ်ဘူး လှနေတယ်။
ဟော့ ငါက ပုလဲဆိပ်ကမ်းမှာ ကျခဲ့တာကွ
ကြည့်ပါလား၊ ငါ့သွားတွေ ခေါနေတာ
ငါ ဂျပန်ကျွန်းစုတစ်စုမှာ လူဖြစ်ပြီး
ဟိုက်ကုကဗျာတွေဘာတွေ ရေးနေတာ
ခုမှ သူငယ်ချင်း ညီအစ်ကိုတွေနဲ့
တွေ့ရအောင် ရောက်လာတာ
စစ်အတွင်းက သူငယ်ချင်း ညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာစေ. . .
ချစ်ခြင်းနဲ့ ညီညာစေ. . .
သူ့အသံတိတ်သွား၊ သူ့သွေး သူချိန်ကြည့်နေ
နောက်ထပ် အသံပေါ်လာပြန်
အသံသြကြီးနဲ့
ဟော့ ငါက စစ်တောင်းမြစ်ဝှမ်းမှာ ကျခဲ့တာကွ
ခု သခွားသီးတွေပါတယ်
စားပစ်ကြ. . . ငါက သခွားခင်းပိုင်ရှင်
ဟော့. . . ငါက ရိုးမ ရိုးစပ်မှာ ကျခဲ့တာ

http://www.cherrythitsar.org



မြို့မဟုတ်ဘူး
ဟော့ကောင် ခက်ထန်
မင်း မမှတ်မိဘူးလား
ရန်သူ့ ကျည်ဆံ တဖွားဖွားကြားမှာ
ငါတို့တစ်တွေ ရှေ့တက်ခဲ့ကြတာလေ။

(၈)

ဟော့ ငါက ဟန်ဂေရီစစ်မျက်နှာက
ဖုံးနင်းမိတာ တစ်စစီပဲ ကိုယ့်လူရေ
အဲဒီကနေ လူပြန်ဖြစ်ပြီး
ပါရီ တောရပ်ပိုင်းလေးမှာ နေခဲ့ရတာပေါ့
အရက်ဘားမှာ စားပွဲထိုးလေးပေါ့
အဲဒီကနေမှ ဒီရောက်ခဲ့ရတာ
တစ်ယောက်က ထအော်တယ်
အားလုံး ခဏငြိမ်ပေးကြပါ
ကဗျာဆရာတွေလာနေကြပြီ
သစ်ကုလားအုပ်သံတွေ ကြားရတယ်
မြင်းဟီသံတွေကြားရတယ်
ကျားသစ်သံတွေ. . .
ခြသေ့်ဟောက်သံတွေ ကြားနေရတယ်
ဟော. . . တောခွေးအူသံတွေ ကြားရတယ်
ပင်လယ် လှိုင်းရိုက်သံတွေ ကြားရတယ်

http://www.cherrythitsar.org



ခြသေ့်ဟောက်သံကတော့
ဒါ နေသွေးဦး ခေါ် အာရပ်ဖက်တီးပဲ ဖြစ်မှာ
ဒီကောင်ကြီး ခြသေ့်နဲ့ တထေရာတည်းတူအောင်
ဟောက်တတ်တယ်
ဟော. . လှေလှော်သံတွေ ကြားရပြန်ပြီ
ဒါ ကဒုံတင်စိုးပဲ ဖြစ်မှာ
ဟော မြွေတွန်သံတွေ ကြားရပြန်ပြီ
ဒါ မြွေကြီး ခေါ် ဇော်ဝင်းတင့်ပဲ ဖြစ်မှာ
သေချာပါတယ်
မလွဲပါဘူး။

(၉)

ဟော တကယ်ဝင်လာတော့လည်း
သင်းအုပ်ဆရာ အဝတ်အစားကြီးဝတ်လို့
'ယူကော' ဆိုတဲ့ ကောင်ကြီးရယ်
အာဖရိကဗုံကို ထုနှက်ကာ
ဆန်လည်းမဟုတ် ပြောင်းလည်းမဟုတ်
ဆန်ပြောင်းရယ်
ဟာကြူရီငပျော့ ခေါ် ကြည်ဝင်းမြို့ရယ်
ငါးသလောက် နှစ်ကောင် ပူးချည်ထားတဲ့အပြုံးနဲ့
အခန်းကျယ်ကြီးထဲ အားလုံးလည်းရောက်ရော
ဆန်ပြောင်းရဲ့ အာဖရိကဗုံသံ ကြားရတော့တာပဲ

http://www.cherrythitsar.org



တစ်ခန်းလုံး
အာဖရိကဗုံသံတွေ လွှမ်းမိုးသွား
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ရိုးဟေး ညာသံတွေ
ဗုံသံအလိုက် လိုက်ကကြ
အခန်းကြီး ဝက်ဝက်ကွဲမျှ
အတော်ကလို့မောတော့
အားလုံးပိုင်သီချင်းလေးကို
တစ်ယောက်မကျန်သီဆိုကြ. . .
'စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာကြစေ၊
စစ်အတွင်းက ကွဲသွားတဲ့
သူငယ်ချင်းညီအစ်ကိုတစ်တွေ
ချစ်ခြင်းနဲ့ ညီညာကြစေ'။

(၁၀)

ထိုသီချင်းကို လေးကြိမ်သံပြိုင်သီဆိုပြီး
ဟေ့ ဟေ့ သူငယ်ချင်းညီအစ်ကိုတစ်တွေ
ကြည်ဝင်းမြို့တို့မှာ ဝက်ပေါင် နှစ်ပေါင်ပါတယ်
ဘာဘီကျူးမီးဖို ဖိုကြရအောင်

http://www.cherrythitsar.org



ပြီးရင်
ဝက်ပေါင် ကင်ကြရအောင်
ပြီးရင်
ဒီမှာ ဝိုင်တွေ အများကြီးရှိတယ်
ဝက်ပေါင်နဲ့ ဝိုင်နဲ့ သောက်ကြတာပေါ့
ဟေး. . . တဲ့
အသံကြီး တစ်စုတစ်ခဲတည်းထွက်
ဘာဘီကျူးမီးဖို ဖိုလိုက်ကြတယ်
မီးပုံကြီးဘေးမှာ
ကြည်ဝင်းမြို့က
သူက ပဲခူးရိုးမမှာ ကျခဲ့တာတဲ့
ယူကောကြီးက
သူလည်း ပဲခူးရိုးမမှာပဲတဲ့
မြွေကြီး ခေါ် ဇော်ဝင်းတင့်က စစ်တောင်းမြစ်ဝှမ်းမှာ
သင်ကြီး ခေါ် စာသင်ကြီးကတော့
အင်ဖာတိုက်ပွဲမှာ
အဲဒီမှာ လူဖြစ်တာ
ဒါဂျီလင်က လက်ဖက်ခင်းထဲမှာ နေနေပြီးမှ
ခုမှ ဒီရောက်လာရတာတဲ့
ပြီးတော့ သူကပြောသေးတယ်
ကမ္ဘာကြီးဟာ ပြားတယ်တဲ့
ဟော. . . ဇော်ဝေးရယ်

http://www.cherrythitsar.org



ဝတ်ရုံအနီကြီးဝတ်ပြီး ဖော်ဝေးဝင်လာ
အားလုံး ၁၅ မိနစ် ငြိမ်သက်စွာ အလေးပြုကြ။

(၁၁)

ငါတို့ သူငယ်ချင်းတွေ ပြန်ဆုံဖို့ဆိုတာ
ဘဝအသီးသီး တိုင်းပြည်အသီးသီးက လာကြရတာ
ဒါအတွက် ငါတို့တွေ စိတ်မပျက်ခဲ့ကြဘူး
ငါတို့မှာ
နတ်တွေတောင် မမြင်နိုင်တဲ့
ခွန်အားတွေအပြည့်ရှိတယ်
ကဗျာဆရာဟာ
တောင်ဝင်ရိုးစွန်းလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ဥတ္တရယဉ်စွန်းလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ဧဝရက်တောင်လည်း ဖြစ်တယ်
ကဗျာဆရာဟာ
မြေဝပ်ငှက်ကလေးလိုလည်း နေတတ်တယ်
ကဗျာဆရာဟာ
သတ္တုတွင်း တူးသူလည်း ဖြစ်တယ်
ကဗျာဆရာဟာ
ကြယ်ကလေးတွေလိုလည်း မှိတ်တုတ်မှိတ်တုတ် နေတတ်တယ်

ကဗျာဆရာဟာ
စစ်မုန်းသူလည်း ဖြစ်တယ်
ဝေဟင်မှာ စာမရီငှက်ဖြစ်ပြီး
မြေပြင်မှာ ကေသရာဇာလည်း ဖြစ်တယ်
ရေပြင်မှာနဂါးဖြစ်တယ်
ကဗျာဆရာဟာ
ရေတွက်မရတဲ့ နာမ်တွေဖြစ်တယ်
မမြင်နိုင်တဲ့ စွမ်းအင်ရှိသူတွေဖြစ်တယ်
လက်ခုပ်သံတွေ တစ်ခန်းလုံး
အုန်းအုန်းကျွက်ကျွက်ဆူညံသွား။

(၁၂)

ဝက်ပေါင်နဲ့ ဝိုင်တွေ အားလုံးသောက်
ဆိုချင်တဲ့သီချင်းတွေ အသံနက်ကြီးတွေနဲ့ ဆိုကြ
ကြိုးတန်းဆွဲပြီး ဟိုဘက်သည်ဘက် ခိုစီးကြ
ကင်းမီးကောက်ထောင်ပြီး လမ်းလျှောက်သူ လျှောက်ကြ
ကျွမ်းထိုးသူတွေကလည်း ရှေ့ကျွမ်း နောက်ကျွမ်းတွေ ထိုးကြ
ဆန်ပြောင်းက အာဖရိကဗုံကိုနှက်လိုက်တော့
အားလုံး မြိုင်သွားပြီး ကကြပြန်ပြီ
ဗုံသံကလည်း မရပ်မနားကို တီးလို့
အားလုံးကလည်း မရပ်မနားကို ကကြလို့
ပျော်စရာကြီးပါ

အခန်းကျယ်ကြီးထဲမှာ
ကဗျာဆရာတွေချည်းပဲ
ကဗျာဆရာ မဟုတ်တာ တစ်ယောက်မှ မရှိဘူး
ဟေး. . .
ကဗျာဆရာတွေကွ
ကမ္ဘာကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်နေတာ
ပြီးရင် ကမ္ဘာကြီးကို အင်္ကျီချုပ်ဝတ်မယ်
တစ်ယောက်တစ်ခွန်းစီ အော်ဟစ်ကြ
အားလုံးလည်း မူးကုန်ကြပေါ့
ဒါပေမဲ့
တစ်ယောက်မှ သတိမလစ်ကြပါဘူး
ဟော. . . နောက်ဆုံး ဝင်လာ ရောက်လာတာက
ရော်ဗင်ဟု ခေါ် သိန်းဇက်
သူ့မျက်နှာက လင်းတနဲ့တူတယ်
သူ့ကဗျာကလည်း လင်းတရဲ့ အတ္ထုပ္ပတ္တိတဲ့။

(၁၃)

ဒီကောင်ကြီးဝင်မူး
အာဖရိကဗုံသံနဲ့ကခုန်
အော်ချင်တာတွေ အော်ဟစ်
ခဏနေတော့ ဗုံသံရပ်သွား
အဲဒီမှာ အောင်ချိမ့်အသံကြီးထွက်လာ

http://www.cherrythitsar.org



'ဟော့. . . ကဗျာဆရာဆိုတာ ငါတစ်ယောက်တည်းပဲ ရှိရမယ်'
အောင်ချိမ့်ကြီးက ကဗျာဆရာတွေကို သေနတ်နဲ့ပစ်ချလိုက်တော့
အားလုံး
အိုက်တင်အမျိုးမျိုးနဲ့ လဲကျသွားကြ
(သူပစ်တာက ရေသေနတ်နဲ့ ပစ်တာ)
ခဏနေတော့ အားလုံး တဟားဟားရယ်ပြီး ထလာကြ
ကဗျာဆရာဆိုတာ ဘယ်တော့မှ မသေဘူး
သိထား. . .
မသေဆေးမြစ်ရှိတယ်
မရပ်နားတဲ့ မြစ်တွေရှိတယ်
အဲဒီလိုနဲ့
အခန်းကျယ်ကြီးထဲက ထွက်ဖို့ပြင်တော့
အခန်းကြီးဟာ ပဒုမ္မာကြာဖက်ကြီးလို
အလိုလိုပွင့်ကျသွား
သူတို့အားလုံးမှာ
ကမ္ဘာသစ်ဝတ်စုံတွေ ဝတ်ပြီးဖြစ်နေတာ
အံ့သြဖွယ် တွေ့ရှိလိုက်ရတယ်။

မောင်ချောနွယ်
၁၃ - ဇွန် - ၂၀၀၁

အောင်ချိမ့်

# အောင်ချိမ့် ရေးသည်

http://www.cherrythitsar.org

ဒီကဗျာကို ရေးတဲ့အခါ အချက်အလက်အချို့အတွက် စာအုပ်များ ဖတ်ခဲ့ပါတယ်။ ဖားအောက်တောရဆရာတော်၏ **စိတ်ဓာတ် ပြုပြင်ပြောင်းလဲရေး တရားတော်**၊ **ဒဂုန်တာရာ၏ ဒဂုန်တာရာ၊ ကမ္ဘာ့သမိုင်း မှတ်တိုင်များ (ပ၊ ဒု၊ တ)** နှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရန် ဆရာဇော်ဂျီ၏ **'ဗေဒါလမ်း'** ကဗျာစာအုပ်တို့ကို ဖတ်ခဲ့ပါကြောင်း။

**အ ၊ ခ**

ငါဟာ ခန်းမကြီးသို့ဝင်
စင်ပေါ်သို့တက်
လက်ကိုဝှေ့ယမ်းပြီး
နံရံ..
မမြင်ရတဲ့နံရံနဲ့
မြင်ရတဲ့နံရံတွေအပေါ်မှာ
ဖြေဖျော်သလိုလို
ဟောပြောသလိုလို
ငိုစရာလိုလို
ရယ်စရာလိုလို
မော်ဆရာလိုလို
ဗေဒင်ဆရာလိုလို

http://www.cherrythitsar.org



တဘောင်လိုလို
ကောလာဟလလိုလို
ရာဇဝင်လိုလို
သမိုင်းလိုလို
အောက်ပါအရာများ
အောက်ပါစာကြောင်းများကို
ငါလျှောက်ရေးတယ် ငါရေးတယ်။
အခု မိတ်ဆွေဖတ်ရမှာ
ကျွန်တော်လျှောက်ရေးတဲ့
ကျွန်တော့် 'အဟမ်း . . '
ကျွန်တော့် 'ကျမ်း . . ' အဲ . .
ကျွန်တော့်ကဗျာဖြစ်ပါတယ်။

(၁)

ဒါပေမဲ့ ဒါဟာ
အလေးအနက်ပါ။
ကျွန်တော့်လိုပဲ ပျင်းနေတဲ့
ကျွန်တော့်သူငယ်ချင်းတွေကို
ဖတ်ပြဖို့ရည်ရွယ်ပါတယ်။
သူတို့နှစ်ယောက်ဟာ အတော်ကွာဝေးပြီး
ကျွန်တော်နဲ့လည်း အတော်ကွာဝေးတဲ့
ကျွန်တော့်သမီးနှစ်ယောက်ကို

http://www.cherrythitsar.org



ဖတ်ပြဖို့ရည်ရွယ်ပါတယ်။
ဘ၀တစ်သက်တာမှ
တစ်ယောက်ကိုတစ်ယောက် တွေ့အောင်
သူတို့စောင့်စားခဲ့ကြ
ငါ့ နှစ်ပေါင်းများစွာ ညီငယ်လေး
အဲဒီညီငယ်ရဲ့ ညီမလေး
သူတို့ကို ဖတ်ပြဖို့ ရည်ရွယ်ပါတယ်။
အသံနဲ့ စာရေးစာဖတ်ပြနေတဲ့
ကျွန်တော်တို့ရဲ့ အာစရိယဂုဏော
ဆရာ ဒဂုန်တာရာကို
ဖတ်ပြဖို့ ရည်ရွယ်ပါတယ်။

(၂)

အဲသလိုနဲ့
ငါ့ ဒီကဗျာကို စလိုက်ရဲ့။

(၃)

ဘာဖြစ်လို့လဲဆိုတာ
ငါတို့မသိကြဘူး
ငါတို့သိတာကတော့
ငါတို့ရောက်လာခဲ့ကြပြီ။
ဘောလုံးပွဲမှာ လူလဲကစားသလို

http://www.cherrythitsar.org



ငါတို့ရောက်လာခဲ့ကြပြီ။
ပဆစ်ပိုင်းမှာ
ကြွေပစ်သလို
ငါတို့ရောက်လာခဲ့ကြပြီ။
ဖြစ်နိုင်သေးတာက
ကြွပ်ရွတက်လာတဲ့ ရဲနေတဲ့
ကရွတ်နဲ့
ပျံလာတဲ့ကျီးကန်း စွပ်မိသလို
ငါတို့ ရောက်လာခဲ့ကြပြီ။

(၄)

ကမ္ဘာဟာ အကြိမ်ကြိမ်ပျက်ခဲ့တယ်
မီးကြီးလောင်ခဲ့တယ်
မိုးကြီးရွာခဲ့တယ်
လေကြီးတိုက်ခဲ့တယ်။
ပျက်ရာမှ
ဒီတစ်ခါပြန်အတည်
ဒီကမ္ဘာဆီ
ငါတို့ရောက်လာခဲ့ကြပြီ။

http://www.cherrythitsar.org



(၅)

ဘုရင်တွေ ဘုရင်တွေ
ကျွန်တွေ ကျွန်တွေ
ပညာရှိတွေ ပညာရှိတွေ
အရူးတွေ အရူးတွေ
အရူးတွေ ဘုရင်တွေ ပညာရှိတွေ
အရူးတွေ အရူးတွေ
ကျွန်တွေ ဘုရင်တွေ။

(၆)

သရဲ ပြိတ္တာ မြေဖုတ်ဘီလူး အကြိမ်ကြိမ်
ငါတို့ဟာ
တိရစ္ဆာန်အကြိမ်ကြိမ်
ငါတို့ဟာ
လူအဖြစ် ဘယ်နှကြိမ်
ငါတို့ဟာ။

(၇)

ဘုရားသာသနာကြုံခဲ့ရ
ငါတို့ဟာ
သိကြားသာသနာကြုံခဲ့ရ
ငါတို့ဟာ။

http://www.cherrythitsar.org



(၈)

ငါတို့ဟာ
ဘယ်နှကြိမ်မြောက်လဲ။
ဘယ်ဒုက္ခဟာ
ဘယ်လောက်လဲ။
ဘယ်ပူလောင်မှုဟာ
ဘယ်လောက်လဲ။
ဘယ်ရှုံးနိမ့်မှုဟာ
ဘယ်လောက်လဲ။
ဘယ်အနိုင်ရမှုဟာ
ဘယ်လောက်လဲ။
ဘယ်အနိုင်ကျင့်ခံရမှုဟာ
ဘယ်လောက်လဲ။
ဒီပွဲစဉ်ဟာ
အမှတ်ဘယ်လောက်လဲ။

(၉)

ခုတော့ဖြင့် အခန့်သား
မြို့တွေမှာ ငါတို့ နေထိုင်ကြလို့။
မြို့တွေဟာ
ပင်လယ်ထက် တအိအိနိမ့်ဆင်းလို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။

http://www.cherrythitsar.org



မြို့တွေဟာ
မီးခိုးမွှန်လို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။
မြို့တွေဟာ
မိုးအုံ့လို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။
မြို့တွေဟာ
နေပူလို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။
မြို့တွေဟာ
မဆလာနံ့သင်းလို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။
မြို့တွေဟာ
ယင် တလောင်းလောင်းအုံလို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။
မြို့တွေဟာ
တောကြောင်လက်ခမောင်းခတ်လို့
မြို့တွေမှာ ငါတို့နေထိုင်ကြလို့။

(၁၀)

ငါတို့ဟာ မြို့တွေမှာ
လူနဲ့လူ

http://www.cherrythitsar.org



ညစ်ကြတာ။
ငါတို့ဟာ မြို့တွေမှာ
လူနဲ့လူ
ခတ်ပြားနားထောင်တာ။
ငါတို့ဟာ မြို့တွေမှာ
လူနဲ့လူ
အမှုအယာလုပ်ကြတာ။
ငါတို့ဟာ မြို့တွေမှာ
လူနဲ့လူ
သတ်ကြတာ။
ငါတို့ဟာ မြို့တွေမှာ
လူနဲ့လူ
လက်ထပ်ကြတာ။

(၁၁)

တချို့က
လယ်လုပ်ကြတယ်။
တချို့က
စက်ရုံမှာလုပ်ကြတယ်။
တချို့က
လူပြက်လုပ်ကြတယ်။
တချို့က

http://www.cherrythitsar.org



စာရေးတယ်။
တချို့က
မေးခွန်းတွေထုတ်တယ်။
တချို့က
မေးခွန်းတွေကို ဖြေတယ်။
တချို့က
ရှင်းတဲ့အလုပ်
လုပ်တယ်။
တချို့က
ရှုပ်တဲ့အလုပ်
လုပ်တယ်။

(၁၂)

ဒါပေမဲ့ လူဆိုတာ
လူဖြစ်လာသမို့
လူဆိုတာ အခွန်ပေးဆောင်ရတယ်။
မြေခွန်
အိမ်ခွန်
မီးခွန်၊ ရေခွန်။
နေလို့
နေတဲ့အခွန် ပေးဆောင်ရတယ်။

http://www.cherrythitsar.org



ရှင်တော့
ရှင်တဲ့အခွန် ပေးဆောင်ရတယ်။
ငိုတော့
ငိုတဲ့အခွန်။
ရယ်တော့
ရယ်တဲ့အခွန်။
သေတော့
သေတဲ့အခွန်။
လူဆိုတာ
အခွန်ကျေပွန်ရမှာပေါ့။
လူဆိုတာ ဘာပဲဖြစ်ဖြစ်
အခွန်ကို
ကျေပွန်ခဲ့ပါတယ်။

(၁၃)

ရှေးရှေးတုန်းက လူဟာ
ဂူနဲ့နေခဲ့။
ယဉ်ကျေးတော့ လူဟာ
အိမ်နဲ့နေခဲ့။
ရှေးရှေးတုန်းက လူဟာ
ဒီအတိုင်းနေခဲ့။
ယဉ်ကျေးတော့ လူဟာ

http://www.cherrythitsar.org



အစိုးရနဲ့နေခဲ့။
အလွန်အဆင်ပြေပါတယ်
အလွန်ပြည့်စုံပါတယ်
မီးအစုံ ရေအစုံ အလွန်ပြည့်စုံပါတယ်။
သဘာဝနဲ့ လောကဖြစ်စဉ်တရားရဲ့
အလိုလိုက်ခံရတဲ့
လူသားများ။

(၁၄)

တစ်ခါက သီချင်းဆိုဖူးရဲ့
'မင်းကို ငါချစ်တယ်'
အခုလည်း သီချင်းဆိုတယ် အဲဒီသီချင်း
'မင်းကို ငါချစ်တယ်'
အဲဒါကြောင့် ကွန်ပျူတာတွေ အင်တာနက်တွေ
အသက်ထွက်
ပျက်စီးတွန့်လိမ်ကုန်သတဲ့။
အို . . . အချင်းလူငယ်
သီချင်းဆိုကြ !
နောက်ထပ်
သီချင်းဆိုကြ !
ချစ်ခြင်းက
ဘယ်အရာကို

http://www.cherrythitsar.org



ပျက်စီးစေတာတဲ့လဲ။
အင်း. . . အင်တာနက်လည်း
ပျက်စီးခဲ့ပေရဲ့။

(၁၅)

ဘယ်အရာကို ငါတို့အလိုရှိ
ငါတို့မသိ။
ရည်မှန်းချက်ဆီသွားရင်း
ထွေပြားလာတယ်
များလာတယ်။
မီးကိုမတွေ့သူနဲ့
မီးကိုစတင်တွေ့ရှိသူဟာ
ငါတစ်ယောက်တည်း
ငါပါပဲ။
ငါ့မိတ်ဆွေဟာလည်း
ငါတစ်ယောက်တည်း
ငါပါပဲ။
ငါ့ရန်သူဟာလည်း
ငါတစ်ယောက်တည်း
ငါပါပဲ။
ရေ မီး မင်း ခိုးသူ
မချစ်မနှစ်သက်သောသူ

http://www.cherrythitsar.org



ငါတစ်ယောက်တည်း
ငါပါပဲ။

(၁၆)

အလျားတစ်လံ
အနံတစ်ထွာ
လူဆိုတာ ပေါက်စနလေး။
ဒီကဗျာဟာ
ပေါက်စနလေးပေါင်း
သန်းပေါင်းများစွာအကြောင်းပဲ။

(၁၇)

သမိုင်းမှာ
အနုမြူဗုံးနှစ်လုံး ကြဲချခဲ့တယ်။
မြို့ကြီးနှစ်မြို့ဟာ
ပြာပုံနဲ့
အငွေ့တ်သာကျန်ခဲ့တယ်။

(၁၈)

ပင်လယ်အနက်ကြီးထဲ
ရေဆင်းချိုးပြီး ပြန်တက်လာတဲ့ အသစ်လို
လှပပြီးသစ်လွင်တဲ့မြို့ကြီး နှစ်မြို့

http://www.cherrythitsar.org



ပြန်ပေါ်လာတယ်။
ဖြစ်နိုင်တာနဲ့ မဖြစ်နိုင်တာကြား
ဘာသာစကားနဲ့ မုသားစကားကြား
ငါနဲ့ငါ့မိဘကြား
သူတို့ဝါဒနဲ့ ကျွန်တော်တို့ဝါဒကြား
နေမင်းကြီးနဲ့ မိုးမှောင်ကြား
ကမ္ဘာကြီးနဲ့ ကမ္ဘာကြီးကြား
ကမ္ဘာကြီးဟာ
ပြန်စည်ကားလာတယ်။
လူသံတွေ
ပြန်စည်ကားလာတယ်။
အချစ်ရေးတွေ
ပြန်အဆင်ပြေလာတယ်။

(၁၉)

ဘာလဲ
ဘာဖြစ်နေတဲ့ကမ္ဘာကြီးလဲ။
ဘာလဲ
ဘာဖြစ်ချင်တဲ့ကမ္ဘာကြီးလဲ။
ဆေးမစားမီပုံ ကမ္ဘာကြီးလား
ဆေးစားပြီးပုံ ကမ္ဘာကြီးလား
ငါတို့နဲ့ ဆိုင်လည်းဆိုင် မဆိုင်လည်းမဆိုင်တဲ့

http://www.cherrythitsar.org



ကမ္ဘာကြီးလား
ငါတို့နဲ့ ထူးလည်းထူး မထူးလည်းမထူးတဲ့ ကမ္ဘာကြီးလား
ငါတို့နဲ့ အသံလည်းထွက် အသံလည်းမထွက်တဲ့
ကမ္ဘာကြီးလား
ငါတို့နဲ့ သိလည်းသိနိုင် မသိလည်းမသိနိုင်တဲ့
ကမ္ဘာကြီးလား။

(၂၀)

စစ်ကြီးဖြစ်တော့
လူတွေ အတိဒုက္ခရောက်ကြတယ်။
စစ်ကြီးပြီးတော့
လူတွေ ပျင်းလာကြတယ်။
စစ်ကြီးဖြစ်တော့
လူတွေ ကြံဖန်အသက်ရှင်ကြတယ်။
စစ်ကြီးပြီးတော့
လူလိမ်တွေ ပေါလာတယ်။

(၂၁)

ဒါပေမဲ့ ငါတို့ဟာ
ကင်မရာရှေ့ဖြတ်လျှောက်မပျက်
ဖြတ်လျှောက်လျက်ပါပဲ
ဖြတ်လျှောက်မြဲပါပဲ။

http://www.cherrythitsar.org



အဲဒါ
နည်းသလားကွ။
ငါတို့ဟာ စပ်ဖြဲဖြဲနဲ့
ကင်မရာရှေ့ဖြတ်လျှောက်ခဲ့သပေ့ါ။

(၂၂)

ကိုယ့်လူ
ဘယ့်နှယ့်လဲ။

(၂၃)

ငါက ကားတွေကို
ဆေးရောင်စုံ ပက်ခဲ့တယ်
ငါဟာ
'မိုက်ကယ်ဖေး' ပဲ။
ငါဟာ ဦးနှောက်ရောဂါရနေတဲ့
'အလီ' ပဲ။

(၂၄)

ငါဟာ ဘဝမှာ နေစရာမရှိလို့
သေပစ်ဖို့စဉ်းစားဖူးတယ်။
ဟာသပဲ ငါသေချင်ခဲ့ပုံများ
ဟာသပဲ ငါမသေရဲခဲ့ပုံများ။

http://www.cherrythitsar.org



(၂၅)

ငါဟာ နန္ဒောပနန္ဒ
အင်္ဂုလိမာလ
ပစ္စေက
ဗကဗြဟ္မာ။

(၂၆)

ငါဟာ ရွှဲကုန်သည်
ငါဟာ ဗင်းနစ်မြို့ကကုန်သည်
ငါဟာ ‘ထရေဒါဟော်တယ်’ မှာ တည်းတဲ့
ယခုခေတ် ကုန်သည်အကြီးကြီးပဲ။
ဟေး. . . ဘဝမှာ
ဘာတွေ အမြတ်အစွန်းထွက်ခဲ့လဲ
အမြတ်အစွန်းထွက်မှ
ဘဝမှာနေမှာလား။

(၂၇)

ဘုရားသွားသူသွား
ကျောင်းတက်သူတက်
မိုးပျံပူဖောင်း လွှတ်သူလွှတ်
လမ်းလျှောက်သူလျှောက်
လက်ထပ်လိုသူထပ်

http://www.cherrythitsar.org



စာရေးသူရေး
ကဗျာစပ်သူစပ်
သီချင်းဆိုသူဆို
စကားစမြည်ပြောသူပြော
ခိုစာကျွေးသူကျွေး
တယ်လီဖုန်းဆက်သူဆက်
ခိုးနမ်းလိုသူနမ်း
နှုတ်ခမ်းဆိုးသူဆိုး
ခေါင်းလျှော်သူလျှော်
လေ့ကလေးလှော်သူလှော်
အထိမ်းအမှတ်ချီတက်သူချီတက်
ရေခဲမုန့်စားသူစား
ဝိုင်သောက်သူသောက်
စျေးဝယ်ထွက်သူထွက်
ဟောပြောပွဲနားထောင်သူနားထောင်
ဆိပ်ကမ်းမှာငေးသူငေး
ရွှေငါးမွေးသူမွေး
ခွေးကိုသန့်ရှင်းသူသန့်ရှင်း
လူပျိုလှည့်သူလှည့်
ချစ်ရေးဆိုသူဆို
တစ်ကိုယ်တည်းနေသူနေ။

http://www.cherrythitsar.org



(၂၈)
ငါတို့ဟာ ခဲရာခဲဆစ်
စွမ်းနိုင်ကြပါတယ်။

(၂၉)
ကလေးတွေဆော့သလို
ငါတို့တန်ခိုးရှိကြတယ်။
ဘုရင်အသေတွေ သိမ်းထားဖို့
ပစ်ရမစ်တွေ ဆောက်ခဲ့ကြ။

(၃၀)
ကလေးတွေ ဆော့သလို
ငါတို့တန်ခိုးရှိကြတယ်။
ပင်လယ်ကြီး နှစ်ခု ဆက်သွားအောင်
မြောင်းကြီးတွေဖောက်ခဲ့ကြ။

(၃၁)
ကလေးတွေဆော့သလို
ငါတို့ တန်ခိုးရှိကြတယ်။
လူတွေ ကျယ်ကျယ်ဝန်းဝန်း နေနိုင်အောင်
အင်္ဂါဂြိုဟ်က မြေကွက်တွေ ယူရောင်းခဲ့ကြ။

http://www.cherrythitsar.org



(၃၂)

ကမ္ဘာရဲ့ ဝရုန်းသုန်းကားမှုတွေ
ဆက်သွားနေသလို
ကမ္ဘာရဲ့ ငြိမ်သက်မွှော်လင့်မှုတွေ
ဆက်သွားနေတာဟာ
ယုန်နဲ့လိပ် အပြေးပြိုင်သလိုများ
ဖြစ်နေသလား။
ကဲ. . . ဖြစ်လာပါလိမ့်မယ်
အေးအေးဆေးဆေး ဖြစ်ပေါ်လာပါလိမ့်မယ်။
အေးအေးဆေးဆေးပါပဲ
ငါတို့ဟာ။

(၃၃)

ကမ္ဘာကြီးနဲ့ ဘယ်သူဟာ
စာချုပ်ချုပ်ထားဖူးလို့လဲ။
ကျွန်တော်တို့
ကိုယ့်ဘာသာ
စာချုပ် မိခဲ့ပါတယ်။

(၃၄)

ညဥ့်နက်နက် အရက်ထွေထွေ
ငါဟာ အငှားကားလေးစီးလို့

http://www.cherrythitsar.org



အဲသလိုရှိပါသေးရဲ့
အထင်မလွဲပါနဲ့ကွာ။
အရက်သောက်ပြီး
ခေတ်ကို လိုက်မြည်းကြည့်နေတာပါ။

(၃၅)

ကောင်းကင်မှာ ဘာမှမမြင်ရ
ခေါင်မိုးအမြင့်တွေမှာ မီးတွေလင်းလို့
ကောင်းကင်မှာ
ဂွန်ကိတို့၊ မာယာကော့ဖ်စကီးတို့
မောင်လေးအောင်တို့
ဖော်ဝေးတို့၊ မင်းလူညွန့်ကြူးတို့
မောင်လူမှိန်တို့
ကောင်းကင်မှာရှိပါစေ။
ငါတို့က စိတ်လေလေနဲ့
မူးလို့။
ငါတို့ဟာ
ချာချာလည်လို့။
ရန်ကုန်မြို့ကြီးဟာ
ချာချာလည်လို့။

(၃၆)

ယောက်ျားဘသား ငါတို့များ
တစ်နေကုန် ထောင်ချောက်များ ခုန်ဆွခုန်ဆွခုန်၍ရှောင်
အောင်မြင်စွာ အိမ်သို့အပြန်
ယောက်ျားများ အိမ်သို့ပြန်ကြ။
အိမ်ရောက်ရင်
ကိုယ့်အခန်းကိုယ်ဝင်
ကြမ်းပြင်မာမာပေါ်လှဲချ
ဖြေလျော့ကျေနပ်မှုယူရုံပင်။
ဘယ်သူမဆို လူသားများ
ကိုယ့်အိမ်ကိုယ့်ယာ
ကိုယ့်အိမ်ယာဆီကိုယ်ပြန်
အေးအေးသက်သာ
ဖျားနာဖို့ပဲ။

(၃၇)

မိုးတိမ်တွေ ပင်လယ်တွေ
လှပပါပေရဲ့
ခေတ်တို့လည်းခရီးနှင်မဆုံး
မဆုံးခဲ့ပါ။

http://www.cherrythitsar.org



(၃၈)

လူသားများ
ရှန်းကန်မှုမှ
အနားမရခဲ့ကြပါ
အားနာခဲ့ပါရဲ့။

(၃၉)

အရိပ်တွေ ရှည်ထွက်တွန့်လိမ်
ဘုရားဖူးလှည့်လည်သူများပမာ
ဒိဋ္ဌမမွှမ်ရှာ
ဒီမှာ ဘယ်တွေ့နိုင်မှာလဲ။
ရွှေတိဂုံစေတီမြတ်ကုန်းတော်မှ အဆင်း
လောကမြေပူကို တန်းနင်းရတာပဲ။

(၄၀)

ငါတို့ခေတ်
လူနေမှုမြင့်မားလာတယ်
အဲဒါကြောင့် ငွေတွေ ဆားငံရေလို
လိုလာတယ်။
ငွေက ပွဲကြမ်းလာတယ်။
ငွေမရလို့
ငါဟာ ငွေမရှိခဲ့။

http://www.cherrythitsar.org



ငွေရသူများဟာ ငွေရလို့
ငွေရှိခဲ့။
ငွေမရှိသည့်အတွက် ဘာမျှမရှိ
ငွေရှိသည့်အတွက် အကုန်ရှိ
ဘာမျှမရှိသူနဲ့ အကုန်ရှိသူများကြား
သူစိမ်းတစ်ရံဆံနှယ်ပါတကား။
အကုန်ရှိသူများအကြား
ငါဟာ ဘာကောင်ပါလိမ့်။
ငါဟာ ဘာမျှမရှိ၍
ငါဟာကိုယ်တုံးလုံးကြီးပေါ့။
ဒီအကြောင်းကိုပဲ ငါကဗျာရေးတော့
ငါရေးတဲ့ ဒီကဗျာ
ကောင်းချင်မှ ကောင်းပါလိမ့်
ငါရေးတဲ့ ဒီကဗျာ
ချာတူးလန်ချင်လန်ပါလိမ့်။
ငါကကြိုးစားပမ်းစား
ငါကကိုယ်တုံးလုံးကြီးနဲ့ ရေးတာပါ။
နို့၊ ဒီလို ဘဝကြီးကိုယ်တုံးလုံး
ဘာကြောင့်ဖက်တွယ် ကုပ်ကပ်နေရတာတုံး။
ဒုက္ခဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံပွဲမှာ
ငါဟာ လူရင်းဖြစ်နေလို့ပါ။
ငါက ပွဲပြီးတဲ့အထိ

http://www.cherrythitsar.org



ဝတ္တရားရှိနေတယ်။
ဒီလို
ငါ့အရေးပါပုံက။

(၄၁)

ငါ့ဘေးမှာ ခွေခွေကလေး
အဝတ်စကလေးတစ်စလို
ငါ့ဇနီးသည်
ဩော် . . . သူလည်း အသက်အရွယ်ရခဲ့ရှာပြီကိုး။
ဒီပန်းကလေးဟာ
ငါ့လက်ထဲမှာမှ ပွင့်ခဲ့တာပေါ့။
ငါ့လက်ထဲမှာပဲ
ညှိုးကြွေတော့မှာလား။
ငါကပဲ
သူ့ရင်ခွင်ထဲ လဲကျသေဆုံးရမှာလား။
တစ်ကြိမ်ကဆိုရင်
သူ့ဘေးမှာ သူ့လက်ဖျားကလေး ဆုပ်ဖွပြီး
ငါ ဘုရားစာတွေ ရွတ်ဖတ်ပေးခဲ့ရတယ်။
ဩော် . . . ငါ့ရဲဘော်လေး
ငါ့ချစ်ဇနီးလေး
အချိန်တိုင်းနဲ့အမျှ
ကျော်ဖြတ်နေရပေါ့။

http://www.cherrythitsar.org



(၄၂)

ဘဝဆိုတာ
အပမ်းဖြေခရီးထွက်တာမဟုတ်
မော်တော်ဘုတ်နဲ့
အပျော် ငါးထွက်မျှားတာမဟုတ်
ဘဝဆိုတာ
ငါတို့တွေ ကျောက်ခေတ်ကလို
တင်းပုတ်ကြီးတွေ ကိုင်ထမ်း မထားတာဘဲရှိတယ်
ငါတို့တွေ
သားစိမ်းငါးစိမ်း မစားတာဘဲရှိတယ်
ဘဝဆိုတာ
အဲသလိုပါကွာ
နိုင်းမြစ်မှာ စုန်ဆန်နေတာကတော့
သူတို့ကုသိုလ်ပေါ့ကွာ။

(၄၃)

ဒါထက်
ပျော်ပွဲစားထွက်တယ်ဆိုတာဟာ
ပျော်လို့လား
စိတ်ညစ်လို့လား။

(၄၄)

ရောက်ပြီလေ

http://www.cherrythitsar.org



မိုးရာသီရောက်ပြီ
မိုးရာသီမှာ နားကြတယ်။
ပြီးတော့
အားမွေးကြတယ်။
နွေရောက်တော့
ပြန်စကြပေ့ါ။
ခြေခင်းလက်ခင်းသာပြီလေ
ကုန်းခြောက်ပြီလေ။

(၄၅)
ဗွက်အိုင်တွေ
မြေဖို့ကြ
မြောင်းဖောက်ကြ။
ချုံနွယ်ပိတ်ပေါင်း
ရှင်းကြ။
ခြံစည်းရိုးအသစ်
ကာကြ။
အရောင်လှလှ ဆေးသုတ်ကြ။
လင်းအောင်
မီးထွန်းကြ။

http://www.cherrythitsar.org



(၄၆)

ဘဝတွေ
ပြန်စလို့ရပြီ
ပြန်စကြ။
ရုပ်ရှင်တွေ
ပြန်ပြလို့ရပြီ
ပြန်ပြကြ။
ပြဇာတ်တွေ
ပြန်ကလို့ရပြီ
ပြန်ကကြ။

(၄၇)

ကမ္ဘာကြီးဟာ မပျက် မပြီးနိုင်
ပျက်ပြီးရင်တောင်မှ ပြန်လာမယ်။
၆၄ ကြိမ်
၆၄ ကပ်
ကမ္ဘာဟာ ပျက်ပြီးရင်တောင်မှ
ပြန်လာမယ်။
နေကြောင့် လည်းကောင်း ရေကြောင့် လည်းကောင်း
လေကြောင့် လည်းကောင်း
ပျက်ပြီးလည်း
ကမ္ဘာဟာ ပြန်လာမယ်။

http://www.cherrythitsar.org



(၄၈)

ဘာမှမဖြစ်ဘူး ကမ္ဘာဟာ
ပြန်လာမယ်။
အများတွေ မကုန်နိုင်ဘူး ကမ္ဘာဟာ
ပြန်လာမယ်။
ပျက်ပြီးတဲ့
အပျက်အစီးတွေကြားကပဲ
ကမ္ဘာဟာ
ပြန်လာမယ်။

(၄၉)

အဲဒီကမ္ဘာမှာ
ငါ ပြန်လာခွင့်ရမလား
မသေချာဘူး။
အသေအချာ
ကမ္ဘာကြီးပြန်လာမယ်
ငါတို့ ပါမပါ မသိ
ငါတို့ပြန်လာမလာ မသိ။
ပြန်လာရင်တောင်မှ
ဘယ်သူဘယ်ဝါ
ငါတို့မှတ်မိမှာ မဟုတ်တော့။
ငါတို့ ပြန်မလာနိုင်ခဲ့ရင်လည်း

http://www.cherrythitsar.org



ကမ္ဘာကြီးဟာ လွမ်းမောဖွယ်
ငါတို့ဟာ
ကမ္ဘာကြီးကို လွမ်းမောနေမယ်။

(၅၀)

တစ်ချိန်မှာ ငါတို့ညှော်ဖျင်းပုံကို စကားစပ်မိတဲ့အခါ
ခွင့်လွှတ်ပါဘိ။
ငါတို့ရဲ့ သံသေး သံကြောင် သံပျက်
ကာရံပျက်
စံနှုန်းပျက်ကဗျာကို
ခွင့်လွှတ်ပါဘိ။

(၅၁)

အနိုင်နိုင်ငံက သမ္မတများ
ဝန်ကြီးချုပ်များ
ရှော့ခ်အဆိုတော်များ
ရုပ်ရှင်ကြယ်ပွင့်များ
ငါတို့လိုပဲ
ဆံပင်ဖြူကိုယ်စီနဲ့
မျက်မှန်ကိုယ်စီနဲ့။

http://www.cherrythitsar.org



(၅၂)

ငါတို့ကား ဗုဒ္ဓ၏တရားရိပ်၌
နေချိုခဲ့ပါတယ်။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပါ ဘုရား။
ဓမ္မံ သရဏံ ဂစ္ဆာမိပါ ဘုရား။
သံဃံ သရဏံ ဂစ္ဆာမိပါ ဘုရား။

(၅၃)

ဆံပင်ဖြူကြီးဆေးမဆိုးဘဲ
ငါတို့ အသက်ကြီးမယ်။

(၅၄)

ငါဟာ အင်္ကျီလည်ပင်းပေါက်နဲ့
လည်ပင်းနဲ့ အမြဲလွဲလို့။
အဲဒီ လွဲနေတဲ့လည်ပင်းပေါက်ကနေ
ပိန်ချိုင့်နေတဲ့ ငါ့မျက်နှာဟာ
ပန်းစိုက်အိုးထဲက ပန်းတစ်ပွင့်လို
ပွင့်လို့။
အဲဒါ
ငါပေါ့၊ ငါလေ
ငါဟာ ပန်းလိုပွင့်နေရဲ့။

**အောင်ချိမ့်**

http://www.cherrythitsar.org

ကမ္ဘာ့အကောင်းဆုံးဝတ္ထုရှည်ကြီးတစ်ပုဒ်ဖြစ်သော. . .
ဖြစ်တည်မှုပဓာနဝါဒ၏ မူလဖြစ်သော. . .
စဉ်းစားဆင်ခြင်ဖွယ်ရာ ဒဿနိကဝတ္ထုကြီးဖြစ်သော. . .
အံ့မခန်းဖွယ်ရာ သည်းထိတ်ဖိုဝတ္ထုကြီးဖြစ်သော. . .
တုန်လှုပ်ချောက်ချားဖွယ်ရာ စိတ္တဗေဒဝတ္ထုကြီးဖြစ်သော. . .
လွမ်းမောဖွယ်ရာ အချစ်ဝတ္ထုကြီးဖြစ်သော. . .
မြောက်မြားလှစွာသော ဇာတ်ဆောင်တို့၏ စရိုက်ကို
ဖော်ပြသော. . .
ရောမဇာတ်အိမ်ကြီးကို ဇာတ်လက်တက် ဇာတ်မြွာများဖြင့်
အဆန်းတကြယ်ရက်ဖောက်ထားသော. . .
မျက်မှောက်ခေတ် ကမ္ဘာ့စာပေကို
ယနေ့တိုင်လွှမ်းမိုးထားသော. .
မော်ဒန်စာပေ၏ ရေသောက်မြစ်ဖြစ်သော. . .

---

ဒေါ့စတာယက်စကီး၏

# ကာရာမာဇော့ညီအစ်ကိုများ

## FYODOR DOSTOYEVSKY'S

# BROTHERS KARAMAZOV

**နတ်နွယ်** မြန်မာဘာသာသို့ ပြန်ဆိုသည်။

---

စာမူခွင့်ပြုချက်အမှတ်
၆၅၀/၂၀၀၀ (၉)

http://www.cherrythitsar.org

ဥတုဘောဇနသင်္ဂဟကျမ်း အပါအဝင်
လောကီလောကုတ္တရာဆိုင်ရာ ကျမ်းပေါင်းများစွာကို
ရေးသားပြုစုခဲ့သော
လက်ရုံးရည် နှလုံးရည်နှင့် ပြည့်ဝပြီး
ပညာတံခွန်လူရည်ချွန်သော
မြန်မာပညာရှိကြီး

# ယောအတွင်းဝန် ဦးဘိုးလှိုင်၏
## အတ္ထုပ္ပတ္တိနှင့်
# ရာဇဓမ္မသင်္ဂဟကျမ်း

စတုတ္ထအကြိမ်
**မောင်ထင်** တည်းဖြတ်ပြုစုသည်။
စာမူခွင့်ပြုချက် -

---

နာမည်အကြီးဆုံး ခေတ်ပြိုင်ပညာရှင်နှစ်ယောက်၏
အငြင်းပွားရဆုံး စာနှစ်အုပ်
ဖရန်ဆစ် ဖူကူယာမနှင့် ဆင်မျူရယ် ဟန်တင်တန်၏

## ယဉ်ကျေးမှုများ တိုးတိုက်မိခြင်းနှင့်
## မဟာပြိုကွဲမှုကြီး

ကျော်ဝင်း မိတ်ဆက်သည်။

စာမူခွင့်ပြုချက်အမှတ် - ၃၄/၂၀၀၂ (၇)

http://www.cherrythitsar.org

အိုင်းစတိုင်း၏ ပညာဉာဏ်ကို အမွေဆက်ခံသူ

အိုင်းစတိုင်းနောက်ပိုင်း မျက်မှောက်ခေတ်တွင်

ဉာဏ်ပညာအကြီးဆုံး သီအိုရီရူပဗေဒပညာရှင်

အနန္တစကြဝဠာအကြောင်း ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိသူ

နှစ်ဆယ်ရာစုနောက်ပိုင်း၏

ကြီးကျယ်သောဉာဏ်ကြီးရှင်ဟု ခေါ်ဝေါ်ရသည့်. . .

---

# စတီဖင်ဟော့ကင်း

သို့မဟုတ်


## အတွေးအခေါ်ရဲရင့်သူတစ်ဦး၏အတ္ထုပ္ပတ္တိ

**စိုးစိုး (အင်္ဂပူ)** ပြုစုရေးသားသည်။

---

စာမူခွင့်ပြုချက်အမှတ်
၆၃၈/၂၀၀၂ (၇)

http://www.cherrythitsar.org



အောင်ချိမ့်

မောင်ချောနွယ်

# သမိုင်းဖတ်စာ

ကဗျာရှည် တစ်ပုဒ်စီ